Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (037/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၃၇/၂၀၁၀)

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၀၃) ရက်နေ့မှ အောက်တိုဘာလ (၀၉) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

### (က) အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်ဆောင်ရွက်ချက်များ

- ရွေးကောက်အပြီးတွင် ပေါ်ပေါက်လာမည့် လွှတ်တော်အသီးသီးတွင် ရုံးအဖွဲ့တာဝန်များ ထမ်းဆောင်ရန်အတွက် အတွေ့အကြုံရှိသောစစ်သားများကို ခန့်အပ်ရန် စီစဉ်နေသည်ဟု နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ အရာခံဗိုလ်တစ်ဦးကပြောသည်။ **(Irrawaddy 041010)** Read More...
- ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကျေးရွာအုပ်စုများ၊ ပဲခူးတိုင်းအနောက်ခြမ်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းများတွင် အာဏာပိုင်များက ရွေးကောက်ပွဲတွင် မဲမထည့်မနေရနှင့် ပယ်မဲမဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် တရားဝင်မဟုတ်သော ညွှန်ကြားချက်များပေးခဲ့သည်ဟု အစည်းအဝေးတက်ရောက်ခဲ့သူ ဘိုကလေးမြို့နယ် ပေါင်းတည်းမြို့မှ ဒေသခံတဦးက ပြောသည်။ **(RFA 041010)** Read More...
- ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရသစ်နှင့် ဆက်စပ်သူဝန်ထမ်းများကို နေရာချပေးရန်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ဝန်ထမ်းအိမ်ရာတွင် နေထိုင်နေကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများကို အောက်တိုဘာလကုန် နောက်ဆုံးထား ဖယ်ရှားပေးရန် အထက်အာဏာပိုင်များက အမိန့်ချထားသည်ဟု မြစ်ကြီးနားမြို့ခံတဦးက ပြောသည်။ **(DVB 051010)** Read More...
- ဧရာဝတီတိုင်း ပုသိမ်မြို့ ဘိုဂနောက်ဈေး၊ စိန်ကုန်းကူးတိုးဆိပ်နှင့် ပုသိမ်တဖက်ကမ်း ရွှေသယ်လူးဈေးတို့တွင် ဒေါ်အောင်ဆန်းစုကြည်ပုံနှင့် လူတိုင်း ဥပဒေအရ မဲမပေးဘဲ နေနိုင်ခွင့်ရသည်ဆိုသည့် ပညာပေးစာရွက်များကို နေရာအနှံ့ကပ်ထားခြင်းကို အာဏာပိုင်များက ဒေါသတကြီး လာရောက်ဆွဲယူ ဆုတ်ဖြဲသွားသည်ဟု ပုသိမ်မြို့ခံတဦးကပြောသည်။ **(DVB 051010)** Read More...
- မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စည်းရုံးရေးဆင်းသည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအဖွဲ့ဝင်များကို ရယက ဥက္ကဌက ခေါ်တွေ့ပြီး စည်းရုံးရေးဆင်းရန် အချိန်မရောက်သေးသဖြင့် ကျေးရွာအတွင်း စည်းရုံးရေးမဆင်းရန် တားဆီးလာသည်ဟု စည်းရုံးရေးမှူးတစ်ဦးက ပြောသည်။ **(IMNA 071010)** Read More...
- ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် ပါလင်းကျေးရွာ ဥက္ကဌ ဦးကျော်လှနှင့် စာရေး မောင်ရန်နောင်ဝင်းတို့သည် မဲရုံဆောက်လုပ်ရန်ဟုဆိုကာ ရက်ကွက်မှူး (ဆယ်အိမ်ခေါင်း)များကို ခေါ်ယူပြီး အသက် ၁၈ နှစ်ပြည့်ပြီးသူများအားတစ်ဦး

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



လျှင် ကျပ်ငွေ ၁၀၀၀ စီ ကောက်ခံရန် ရွာအတွင်းရှိ အိမ်ထောင်စုစာရင်းများကို လိုက်လံကောက်ခိုင်းနေကြောင်း ဒေသခံအမျိုးသမီးတဦးက ပြောသည်။ **(PalaungWomen 071010)** **Read More...**

- ရန်ကုန်တိုင်း လသာမြို့နယ် မဲရုံအမှတ်(၁)တွင် ပြုလုပ်သော မဲပေးပုံသရုပ်ပြပွဲတွင် ဆန္ဒမဲပေးလိုသူများထဲ၌ ဆန္ဒမဲအမှန်ခြစ်ရန် အခက်အခဲရှိပါက လက်ဝဲဘက်တွင် လက်ဗွေရာနှိပ်ပြီး အမှတ်အသားပြုလုပ်နိုင်ခြင်း၊ စာမတတ်သူများ လူခေါ်၍ လာခြင်း၊ အကူအညီလိုအပ်သူများအား တွဲရမည့်သူများရှိခြင်းနှင့် ပယ်မဲအဖြစ် သတ်မှတ်ခြင်းတို့ကို ရှင်းလင်းပြသခဲ့သည်ဟု အမှတ်(၂)ရပ်ကွက်ကော်မရှင် ဥက္ကဌက ပြောသည်။ **(Yangon Media Group 071010)** **Read More...**
- မဲရုံလုံခြုံရေးအတွက်ဟု အကြောင်းပြပြီး သျှမ်းပြည်မြောက်ပိုင်း ဒေသခံပြည်သူ့စစ် ၂၀၀ ကျော်ကို စစ်သင်တန်းပေးနေပြီး ရွေးကောက်ပွဲပြီးလျှင် အသွင်ပြောင်းရေးငြင်းဆန်နေသည့် အပစ်ရပ် **SSA** တပ်မဟာ ၁ အား ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက် အထူးလေ့ကျင့်ပေးနေခြင်းဖြစ်နိုင်သည်ဟု ဒေသခံရွာသားများကပြောသည်။ **(S.H.A.N 081010)** **Read More...**

## (ခ) ရွေးကောက်ပွဲကော်မရှင်

- မဲရုံတွင် မဲထည့်ရမည့် လူဦးရေ အရေအတွက်မှာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က သတ်မှတ်ထား သည့် အရေအတွက်ထက် ၅ ဆ ကျော် ပိုများနေသည့်အတွက် မဲပေးချိန် မလုံလောက်နိုင်ဟု မုဒုံမြို့နယ် အတွင်းရှိ မဲရုံကော်မရှင် အဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(IMNA 071010)** **Read More...**
- ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်းအလိုတွင် ကြိုတင်ဆန္ဒမဲပေးရမည့် ရက်ကို ထုတ်ပြန်ပေးမည်ဖြစ်ပြီး ကြိုတင်မဲပေးရာတွင် ဆေးကုသမှုခံယူနေသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အရေးပေါ်ခရီးသွားရ မည့်သူများသည် ခိုင်လုံသော အကြောင်းပြချက်များဖြင့် လျှောက်ထားရမည်ဟု ကော်မရှင်တာဝန်ရှိသူတစ်ဦးကပြောသည်။ **(Yangon Media Group 071010)** **Read More...**
- ကရင်နီပြည်နယ် လွိုင်ကော်မြို့ နောင်ယား (က) ရပ်ကွက်ရှိ မဲရုံတွင် အောက်တိုဘာလ ၃ ရက်နေ့ နံနက်က ရွေးကောက်ပွဲနှင့်စပ်လျဥ်း၍ သရုပ်ပြမဲပေးသည့် လုပ်ရှားမှု ပြုလုပ်နေသည်ကို ဒေသခံပြည်သူများက စိတ်မဝင်စားကြဟု လွိုင်ကော်ဒေသခံတစ်ဦးက ပြောသည်။ **(Kantarawaddy Times 081010)** **Read More ...**
- ရွေးကောက်ပွဲကော်မရှင်မှ တနိုင်ငံလုံးအတိုင်းအတာအရ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်းမရှိသဖြင့် ပုဂ္ဂလိက သတင်းမီဒီယာများအနေဖြင့် အချိန်နှင့်အခြား အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် **Eleven Media Group** (ရန်ကုန်ရုံးချုပ်)မှ ဖုန်းနှင့် အကြိမ်ကြိမ် ဆက်သွယ်ခြင်း၊ တိုက်ရိုက်သွားရောက်မေမြန်းခြင်းများ ပြုလုပ်သော်လည်း မရရှိသည့်အတွက် နေပြည်တော် ရွေးကောက် ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးထံ လိပ်မူပြီး အကြောင်းကြားစာတစောင်ကို **Eleven Media Group** က အောက်တိုဘာ ၈ ရက်နေ့တွင် ပေးပို့လိုက်သည်။ **(Eleven Media Group 081010)** **Read More...**

## (ဂ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** သည် နိုင်ငံတော်ဘဏ္ဍာကို အသုံးပြုပြီး လမ်းခင်းခြင်း၊ ငွေချေးခြင်း၊ စာသင် ကျောင်းများတည်ဆောက်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ပေးခြင်းများဖြင့် မဲဆွယ်နေကြောင်း ရန်ကုန်တိုင်း **USDP** တာဝန်ခံ မြို့တော်ဝန် ဦးအောင်သိန်းလင်းက ပြောသည်။ **(Irrawaddy 041010)** **Read more ...**
- ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဝင်ရောက်ယှဥ်ပြိုင်ရန် ပြင်ဆင်နေသော ဇေကမ္ဘာ ဦးခင်ရွှေ၏ စည်းရုံးရေး ခရီးစဥ်များတွင် နိုင်ငံကျော် အနုပညာရှင်များ ပါဝင်ခြင်းကြောင့် ဒေသခံများ၏ အာရုံစိုက်မှု၊ အားပေးမှုများကို အထူးရရှိနေသည်ဟု ဦးခင်ရွှေက ပြောသည်။ **(Irrawaddy 041010)** **Read More ...**
- ရန်ကုန်တိုင်း ကွမ်းခြံကုန်း၊ ကော့မှူးနှင့် တွံတေးမြို့နယ်၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားပြု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးခင်ရွှေသည် မဲဆွယ်စည်းရုံးရေးခရီးဆင်းရာတွင် ၄င်း၏ ချွေးမဖြစ်သူ နန္ဒာလှိုင်အပါအဝင် လွင်မိုး၊ လူရွှင်တော်မိုးဒီနှင့်နာမည်ကြီး သရုပ်ဆောင်အချို့ပါဝင်ခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(VOA 041010)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အမတ်လောင်း ဒေါက်တာ ချမ်းသာနှင့် ဒေါက်တာ စမ်းရွှေတို့က ရခိုင်ပြည်နယ် စစ်တွေမြို့ မကျည်းမြိုင် ဘုန်းတော်ကြီးကျောင်းတွင် မဲဆွယ်စည်းရုံးရေးလာလုပ်မည် ကို ဆရာတော်က လက်မခံဘဲ မောင်းထုတ်သည့်အတွက် စည်းရုံးရေးပွဲ ပျက်သွားသည်ဟု တကာကြီးတစ်ဦးက ပြောသည်။ **(Narinjara 041010)** **Read More ...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို နောက်ပြောင်ထားသည်ဟု ယူဆရသောကာတွန်းကြောင့် ပြည်တွင်းအပတ်စဉ်ထုတ် **The Favorite** သတင်း ဂျာနယ်အား စာပေစိစစ်ရေးမှ သီတင်း ၂ ပတ်နားရန် ပြောလိုက်သည်ဟု ရန်ကုန်အခြေစိုက် အယ်ဒီတာတစ်ဦးကပြောသည်။ **(Irrawaddy 051010)** **Read More...**
- ရွေးကောက်ပွဲအပြီး တက်လာမည့် ကချင်ပြည်နယ်ဝန်ကြီးအတွက် နေအိမ်အပါအဝင် ဝန်ကြီးများ စုပေါင်းအိမ်ရာများကို မြစ်ကြီးနားမြို့ မြို့သစ်ကြီး အနောက်ဘက် လယ်ဧက ၂၀ ကျော်ရှိ ကွင်းပြင်ထဲတွင် ကျပ်သန်း ၈,၀၀၀ အကုန်အကျခံ တည်ဆောက်နေပြီး အဆိုပါအိမ်ရာများသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ရုံးနှင့်တဆက်တည်း တည်ရှိနေသည်ဟု ဆောက်လုပ်ရေးဝန်ထမ်းတဦးက ပြောသည်။ **(RFA 041010)** **Read More...**
- ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က ပြည်သူလူထုကို အတိအလင်း အသိပေးခြင်းမရှိပဲ လူဦးရေသန်းခေါင်စာရင်းအတိုင်း ကြိုတင်မဲဆိုကာ တိုးတိုးတိတ်တိတ်နှင့် ၄င်းတို့သဘောအတိုင်း ရိုက်နှိပ်နေသည်ဟု ဒေသခံတဦးက ပြောသည်။ **(BBC 051010)** **Read More...**
- ကိုယ်စားလှယ်လောင်းစာရင်းမှ ပယ်ဖျက်ခြင်းခံရသည့် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်လောင်းနှစ်ဦးဖြစ်သည့် ပူးဟရမ်ကျဲအိုနှင့် ပူးနွန်ထရန်တို့က ရွေးကောက်ပွဲကော်မရှင်ထံ အယူခံဝင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်ဟု ဒေသခံ နိုင်ငံရေးပါတီခေါင်းဆောင်တစ်ဦးက ပြောသည်။ **(Kaowao 071010)** **Read more ...**
- မဲပေးပိုင်ခွင့်ရှိသည့် စစ်သားများသည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုသာ မဲပေးရမည်ဟု အထက်အာဏာပိုင်များက ညွှန်ကြားထားသည့်အတွက် ရပ်ဝေးတွင် တာဝန်ထမ်းဆောင်နေသောစစ်သားများ၏ မဲများကို အထက်အရာရှိများမှ ကြိုတင်မဲ စုစည်းပေးရမည်ဖြစ်သောကြောင့် အခြားပါတီအား မဲပေးမိလျှင် အပြစ်ပေးခံရမည်ကို စိုးရိမ်နေကြသည်ဟု စစ်တပ်အသိုင်းအဝိုင်းက ဆိုသည်။ **(BBC 071010)** **Read More . . .**
- သမဝါယမဝန်ကြီး ဦးတင်ထွန်းသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ထောက်ခံမဲ ရရှိရေးအတွက် ဇလွန်မြို့နယ်အတွင်း စည်းရုံးမှုမျိုးစုံ ပြုလုပ်နေသည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(Yoma3 081010)** **Read More ...**
- ချင်းပြည်နယ်မတူပီမြို့နယ် အမှတ် ၁ မဲဆန္ဒနယ်တွင် ချင်းမျိုးနွယ်စုတစ်စုဖြစ်သည့် မရာဒေသခံများအား အခြားပါတီများနှင့် မဲကွဲစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က မရာဒေသခံကိုယ်စားလှယ်များကို စေလွှတ်လိုက်သည်။ **(Khonumthung 091010)** **Read More...**

## (ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)က ပါတီ ၂၂ နှစ်ပြည့်အခမ်းအနားကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဗဟန်းမြို့နယ်ပါတီရုံး၌ ကျင်းပရာ တစညပါတီ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက ရွေးကောက်ပွဲအပြီး တက်လာသော အစိုးရသစ်တွင် နိုင်ငံတည်ငြိမ်စေရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရေးသည် စိန်ခေါ်မှုတရပ်ဖြစ်လာမည်ဟု ပြောသည်။ **(Myanmar Time Vol.25, No.486 041010)** **Read More...**

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် **NLD** က ပါတီတရားဝင် ရပ်တည်ခွင့်နှင့်စပ်လျဉ်း၍ နအဖ စစ်အစိုးရအပေါ်ဆက်လက် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း **NLD** ပြောခွင့်ရ ရှေ့နေဦးဥက္ကာဝင်းက ပြောသည်။ **(Irrawaddy 041010)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရောဝတီတိုင်းသို့ရောက်ရှိနေသော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဦးစီးအဖွဲ့ဝင် ဦးကြည်ဝင်းဦးဆောင်သည့် အဖွဲ့ချုပ်ဝင်များသည် အောက်တိုဘာ ၂ ရက်နေ့က လေးမျက်နှာမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးလှဝင်း၏ နေအိမ်တွင် ဒေသခံ အဖွဲ့ချုပ်ဝင် ၅၀ ကျော်နှင့်တွေ့ဆုံခဲ့ရာတွင် အဖွဲ့ချုပ်၏ နိုင်ငံရေးလုပ်ငန်းစဉ်များကို ရှင်းပြခဲ့သည်ဟု **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(DVB 041010)** **Read More . . .**
- ဒေါ်အောင်ဆန်းစုကြည် အပြစ်မရှိကြောင်း တင်ပြထားသည့် အထူးအယူခံအတွက် အောက်တိုဘာလ ၁၈ ရက် နေ့တွင် လျှောက်လဲချက်ပေးရန် ဗဟိုတရားရုံးက အောက်တိုဘာ ၇ ရက်နေ့က ကြေညာချက် ထုတ်ပြန် လိုက်သည်ဟု ရှေ့နေ ဦးဥာဏ်ဝင်းက ပြောသည်။ **(RFA 081010)** **Read More . . .**
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်များဖြစ်သော ဦးညွန့်ဝေ၊ ဦးဟံသာမြင့်၊ ပဲခူးတိုင်းမှ ဦးစိုးဝင်း၊ လူငယ် ကိုအောင်စိုး၊ မဖြူဖြူသင်းနှင့် ပဲခူးတိုင်းလူငယ် ကိုကျော်ဝင်းတို့ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၇ ရက်နေ့တွင် ပဲခူးတိုင်း အနောက်ခြမ်းဒေသ ပြည်မြို့တွင် ရွေးကောက်ပွဲသပိတ်မှောက်ရေးနှင့် ပါတီ၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ရာ မြို့နယ်စည်းအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူ ၈၀ ခန့်တက်ရောက်ခဲ့သည်ဟု ဦးဟံသာမြင့်ကပြောသည်။ **(RFA 081010)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဦးစီးအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့်အဖွဲ့ဝင်များသည် ကယားပြည်နယ် လွိုင်ကော်မြို့တွင် အောက်တိုဘာ ၇ ရက်နေ့က အဖွဲ့ချုပ်နှင့်ကင်းကွာနေသည့် ပြည်နယ်အဖွဲ့ချုပ် အမာခံအဖွဲ့ဝင်အချို့နှင့် တွေ့ဆုံပြီး အဖွဲ့ချုပ်ဝင်များ စုစည်းရေးကို ဆွေးနွေးခဲ့သည်ဟု ဦးအုန်းကြိုင်က ပြောသည်။ **(DVB 081010)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဥာဏ်ဝင်းဦးဆောင်သောအဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ အဖွဲ့ချုပ်အဖွဲ့ဝင်များ၊ ပြည်သူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ သပိတ်မှောက်ရေးကိစ္စရပ်များကို ရှင်းလင်း၊ ချပြ၊ ပြောဆိုဆွေးနွေးခဲ့ကြောင်း ဦးဥာဏ်ဝင်းကပြောသည်။ **(RFA 091010)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- အောက်တိုဘာလ ၁ရက်နေ့က ကရင်နီပြည် ရှားတောမြို့နယ် ဒေါမူးမာကျေးရွာအနီးတွင် စစ်အစိုးရ ခြေမြန်တပ်ရင်း (ခမရ) ၅၁၇ စစ်ကြောင်းနှင့် ကရင်နီတပ်မတော်တို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့ရာ စစ်အစိုးရဘက်မှ ၂ ဦး ကျဆုံးပြီး ၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ကရင်နီတပ်မတော် အရာရှိတစ်ဦးက ပြောသည်။ **(Kantarawaddy Times 081010)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- ကုလသမဂ္ဂအထွေထွေ ညီလာခံကျင်းပနေချိန်တွင် စစ်အစိုးရ၏ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ် ဖွဲ့စည်းရေးနှင့် ရွေးကောက်ပွဲအခြေအနေများကို နိုင်ငံတကာမှ ပိုမိုသိရှိစေရေးအတွက် မြန်မာအတိုက်အခံ ကိုယ်စားလှယ် အဖွဲ့မှ အောက်တိုဘာ ၆ ရက်နေ့က နယူးယောက်မြို့တွင် ဆွေးနွေးပွဲ နှစ်ခု ကျင်းပခဲ့သည်ဟု ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ **(NCGUB)** ၏ ကုလသမဂ္ဂကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းကပြောသည်။ **(RFA 071010)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ဘက်အမတ်လောင်းများအဖြစ် အမည်စာရင်း တင်သွင်းခဲ့ပြီးသည့်နောက် ကချင်အထူး ဒေသ (၁)၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကောင်စီအတွင်း အကွဲအပြဲများ ပေါ်ပေါက်ခဲ့သည်ဟု မြစ်ကြီးနားမြို့ခံ ကချင်နိုင်ငံရေးသမားတဦးက ပြောသည်။ **(NEJ 041010)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရနှင့် ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် **UWSA** တို့ ဆက်ဆံရေးတင်မာနေချိန်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် **UWSA** အဖွဲ့ပိုင် **SW-NW** နံပါတ်ပြားတပ် လိုင်စင်မဲ့ကားများကို မြို့နယ်အာဏာပိုင်များက ဖမ်းဆီးလိုက်သည်ဟု မြို့ခံတစ်ဦးက ပြောသည်။ **(DVB 041010)** **Read More...**
- ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာလကုန်အထိ **DKBA** နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင် ၃၆ဦး၊ ဗိုလ်မှူးချုပ်စောထင်မောင် ဦးစီးသည့် ငြိမ်းချမ်းရေးကောင်စီမှ တပ်ဖွဲ့ဝင် ၂၀ဦးတို့သည် လက်နက်ခဲယမ်း အပြည့်အစုံဖြင့် **KNU**သို့ လာရောက်ပူးပေါင်းခဲ့သည်ဟု **KNU** တပ်မဟာ (၆) သတင်းနှင့် ပြန်ကြားရေးဌာန တာဝန်ခံကပြောသည်။ **(KIC 071010)** **Read More...**
- **DKBA** နယ်ခြားစောင့်တပ် အသွင်ပြောင်းထားသည့်တပ်ဖွဲ့ဝင်များအထဲမှ တပ်ဖွဲ့ဝင် (၁၀၀) ကျော်သည် အသွင်ပြောင်းပြီး တလကျော်ကာလအတွင်း **DKBA** ခွဲထွက် ဗိုလ်နူတ်ခမ်းမွေး တပ်ဘက်သို့ လက်နက်အပြည့်အစုံနှင့်အတူ သွားရောက်ပူးပေါင်းခြင်းများကို ထိန်းချုပ်ရန်အတွက် အရှေ့တောင်တိုင်း တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်းက အောက်ခြေတပ်မှူးများကို အမိန့်ပေးထားသည်ဟု နယ်ခြားစောင့် တပ်အရာရှိတစ်ဦးက ပြောသည်။ **(NEJ 071010)** **Read more ...**
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **(DKBA)** မှ ဗိုလ်ကျော်သက်သည် စစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်းပြောင်းလဲရေးအတွက် အမျိုးမျိုးကမ်းလှမ်းမှုများကို လက်မခံသောကြောင့် ဖမ်းဆီးမိန့်ထုတ်ထားသော်လည်း နဂိုရပ်တည်ချက်အတိုင်း အသွင်းမကူးပြောင်းရေးကို ဆက်လက်ရပ်တည် ကိုင်စွဲသွားမည်ဟု ဗိုလ်ကျော်သက် က ပြောသည်။ **(DVB 081010)** **Read More...**

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့်ပါတီများ

- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** တို့သည် ရှမ်းပြည်မြောက်ပိုင်းတွင် ပြိုင်ဆိုင်မှု ပြင်းထန်နေသည်ဟု ဒေသခံများကပြောသည်။ **(Irrawaddy 051010)** **Read More...**
- ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုက ပြည်သူအများစုသည် ရွေးကောက်ပွဲကို စိတ်ဝင်စားမှုမရှိသလို မည်သို့မဲပေးရမည်ကိုလည်း ရှင်းလင်းစွာ သိရှိခြင်းမရှိသည့်အတွက် ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ရမည့် မဲပေးမှု နည်းလမ်းများကို နိုင်ငံရေးပါတီများက လိုက်လံရှင်းပြနေရသည်ဟု ပြောသည်။ **(VOA 041010)** **Read More...**
- ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီတခုဖြစ်သည့် ရှမ်းအမျိုးသားများ ဒီမိုကရေစီပါတီ **SNLD** က စစ်အစိုးရကျင်းပမည့်ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် အဂတိလိုက်စားမှုစောင့်ကြည့်ရေးအတွက် နှိုးဆော်သည့် လှုပ်ရှားမှုများကို ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ဆောင်ရွက်နေသည်ဟု **SNLD** ပြောခွင့်ရသူ ဦးစိုင်းလိတ်က ပြောသည်။ **(RFA 041010)** **Read More...**
- စက်တင်ဘာလ ၂၇ ရက်နေ့က တာမွေမြို့နယ်တွင် ကျင်းပသည့်အမျိုးသားဒီမိုကရေစီအင်အား၏ ရန်ကုန်တိုင်းဒေသကြီး အောင်နိုင်ရေးကော်မရှင်ရုံးဖွင့်ပွဲ၌ **NDF** ဒု-ဥက္ကဌ ဒေါက်တာသန်းဝင်းက မဲဆန္ဒရှင်ပြည်သူများအကြား "မဲမပေး" ဟုဆိုကာ **Boycott** လုပ်နေသူများ၊ **boycott** လုပ်ရန်တိုက်တွန်းသူများ၊ ၎င်းတို့ကို နားယောင်၍သော်လည်းကောင်း၊ အဖြေထွက်ပြီးသားကိစ္စဟု ထင်မှတ်၍သော်လည်းကောင်း မဲမပေးရန်ဆုံးဖြတ်ကြသူများသည် ဒီမိုကရေစီအင်အားစုများကို အားနည်းစေကြောင်း ပြောကြားလိုက်သည်။ **(Myanmar Time Vol.25, No.486 041010)** **Read More...**
- ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် **(UMFNP)** နှင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီတို့၏ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်တွင် အသစ်ဖွင့်လှစ်ထားသော ပူးတွဲရုံးခန်းကို ပြန်ရုပ်သိမ်းပေးရန် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** နှင့် ပတ်သက်နေသည့် ရပ်ကွက်အာဏာပိုင်များဘက်မှ ဖိအားပေးလာခြင်းသည် တရားနည်းလမ်း မကျသောကြောင့် သက်ဆိုင်ရာအာဏာပိုင်များကို တိုင်းကြားရန် စီစဉ်နေကြောင်း **UMFNP** ဥက္ကဌ ဦးအေးလွင်က ပြောသည်။ **(VOA 051010)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ တော်ဝင်ပလာဇာဘက်တွင် စည်းရုံးရေးအဖြစ် လက်ကမ်းစာစောင်များ၊ ကြေညာစာတမ်းနှင့်ပါတီထုတ် ဒေါင်းအိုးဝေဂျာနယ်များ လိုက်လံဖြန့်ဝေရာတွင် အာဏာပိုင်အချို့နှင့် ရှန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်ဟု ပါတီပြန်ကြားရေးမှူး ဦးလှမြင့်က ပြောသည်။ **(DVB 051010)**[Read More...]
- မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီသည် လာမည့်ရွေးကောက်ပွဲတွင် မွန်ပြည်နယ်အတွင်း မွန်ပြည်သူလူထုများ အကြား မဲဆွယ်စည်းရုံးရေးဆင်းရန်အတွက် မွန်ပါတီမှ မဲပေးရေးနှင့်ပတ်သက်သည့်သီချင်းကို မွန်ဘာသာနှင့် ဗမာဘာသာ ၂မျိုးကို ရန်ကုန်မြို့တွင် သွင်းနေပြီးဖြစ်သည်ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ နိုင်ဇနူမွန်က ပြောသည်။ **(IMNA 071010)** [Read More...]
- လာမည့်နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ချင်းပြည်သူများအနေနှင့် ကိုယ့်အမျိုးသား ရေးစိတ်ဓာတ် အားကောင်းသည့်အမတ်လောင်းများကို မဲထည့် ရွေးချယ်ကြရန် ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ပူးဇိုဇမ်းက မြန်မာ့ရုပ်မြင် သံကြား မှတဆင့် ယခုလ ၃ ရက်နေ့က ချင်းပြည်သူတရပ်လုံးနှင့် တတိုင်းပြည်လုံးသို့ တိုက်တွန်းနှိုးဆော်လိုက်သည်။ **(Khonumthung 071010)** [Read More...]
- တောင်ကြီးမြို့အခြေစိုက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **PNO** သည် ၁၉၉၆ ခုနှစ်ခန့်မှ စတင်ကာ ဒေသဖွံ့ဖြိုးမှုကို ဆက်တိုက် ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံရေးပါတီအဖြစ် စည်းရုံးရာတွင် အခက်အခဲမရှိကြောင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သည့် ရှမ်းပြည်နယ်ရှိ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များတွင် ကိုယ်စားလှယ် ၁၀ ဦး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဟု **PNO** ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပြောသည်။ **(Myanmar Time Vol.25, No.486 041010)** [Read More...]
- ရွေးကောက်ပွဲဝင်ပြိုင်မည့် ဒီမိုကရေစီမဟာမိတ်ပါတီများထဲတွင် အမျိုးသားဒီမိုကရေစီအင်အားစု **NDF** နှင့် အခြားပါတီအချို့အား စီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်ရွှေမှ ငွေကြေးထောက်ပံ့ကူညီနေကြောင်း ပြောဆိုချက်ထွက်ပေါ်လာပြီးနောက် ၎င်းကိစ္စအပေါ် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီက ၎င်းတို့အနေဖြင့် မဟာမိတ်ပါတီအဖွဲ့ဝင်အဖြစ်မှ ယာယီဆိုင်းငံ့ထားမည် ဖြစ်ကြောင်း အကြောင်းကြားစာပေးပို့လိုက်သည်။ **(BBC 091010)** [Read More...]
- ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNDP** မှ ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် ကျေးရွာ ရယက အဖွဲ့ဝင်အချို့က လာရောက်ဟန့်တားနှောင့်ယှက်ခဲ့ကြောင်း **RNDP** မြေပုံမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဖေသန်းကပြောသည်။ **(BBC 091010)** [Read More...]

## ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တသီးပုဂ္ဂလကိုယ်စားလှယ်များ

- တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၁၅ ဦးပါဝင်သည့် ကွန်ရက်နှင့် ချိတ်ဆက်ထားသည့် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဦးတင်အေးက စက်တင်လာလ ၂၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် အနိုင်ရရင် အမြတ်၊ မရရင် ကျန်နေသေးသည့် လယ်နှစ်ကေကို ပြန်လုပ်စားမည်ဆိုသည့် ယုံကြည်ချက်ဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ပြောသည်။ **(Myanmar Time Vol.25, No.486 041010)** [Read More...]
- တသီးပုဂ္ဂလအမတ်လောင်းများက လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အမတ်လောင်း ၁၀၀ ခန့်ရှိသည့်အတွက် စတုတ္ထအများဆုံးဖြစ်သောကြောင့် နိုင်ငံရေးပါတီများနှင့် တန်းတူအခွင့်အရေးအဖြစ် ရုပ်သံမီဒီယာများမှ ဟောပြောစည်းရုံးခွင့်ရရှိရန် ရွေးကောက်ပွဲကော်မရှင်ထံ တောင်းဆိုလိုက်သည်ဟု တသီးပုဂ္ဂလအမတ်လောင်း ဒေါက်တာစိုးနိုင်က ပြောသည်။ **(Yangon Media Group 051010)** [Read More...]
- ရွေးကောက်ပွဲနီးကပ်လာချိန်တွင် တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အနောက်နိုင်ငံ သံတမန်များဘက်မှ စိတ်ဝင်တစား တွေ့ဆုံမှုများ ပိုမိုရှိလာသည်ဟု အောက်တိုဘာ ၇ ရက်နေ့တွင် အီတလီသံတမန်များနှင့် တွေ့ဆုံခဲ့သူ ပုဇွန်တောင်မြို့နယ် တသီးပုဂ္ဂလ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးရန်ကျော်က ပြောသည်။ **(VOA 071010)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- ရွေးကောက်ပွဲကျင်းပမည့်ရက် ၃၂ ရက်သာလိုတော့သော်လည်း တိုင်းနှင့်ပြည်နယ်များရှိ အခြေခံလူတန်းစားများနှင့် တိုင်းရင်းသားနယ်များတွင် မသိသူများရှိနေပြီး ပါတီများစည်းရုံးရေး ဆင်းနေကြသည်ကို ကြောက်ရွံ့လျက် ရှိကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဦးဦးလှစောက ပြောသည်။ **(Irrawaddy 041010) Read More...**
- ရခိုင်ပြည်နယ်တွင် ကမန်အမျိုးသား တိုးတက်ရေးပါတီ **KNPP** ကို ကမန်တိုင်းရင်းသား တော်တော်များများက မဲပေး ချင်ကြသော်လည်း ၃ ပုံ ၂ ပုံက နိုင်ငံသားမှတ်ပုံတင်ကတ် မရှိသောကြောင်း မဲပေးခွင့်စာရင်းထဲတွင် မပါဝင်ဟု သံတွဲမြို့မှ ကမန်တိုင်းရင်းသားတဦးက ပြောသည်။ **(Irrawaddy 051010) Read More ...**

## ဘာသာရေးအသင်းအဖွဲ့များ

- တိုကျိုမြို့ ဂျပန်နိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအသင်းချုပ်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရွှေဝါရောင်တော် လှန်ရေး ဦးဆောင်သံဃာတော်တပါးဖြစ်သူ အရှင်ထာဝရက ၂၀၁၀ ရွေးကောက်ပွဲနှင့်ရလဒ်ကို လက်ခံလျှင် ဗုဒ္ဓဘာသာ မှေးမှိန်သွားမည်ဖြစ်သောကြောင့် လက်မခံရန်ဂျပန်အစိုးရကို တိုက်တွန်းတောင်းဆို မိန့်ကြားလိုက်သည်။ **(DVB 081010) Read More . . .**

## နိုင်ငံတကာရောင် မြန်မာနိုင်ငံသားများ

- ဗိုလ်မှူးဟောင်း အောင်လင်းထွဋ်က စစ်အစိုးရသည် ရွေးကောက်ပွဲတွင် စစ်တပ်မှ ၂၅ ရာခိုင်နှုန်းအပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အနေဖြင့်လည်း ၇၅ ရာခိုင်နှုန်း အနိုင်ရရှိရန် ပြင်ဆင်နေပြီး စစ်ဝတ်မှအရပ် ဝတ်ပြောင်းရခြင်းသည် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် အခက်အခဲရှိနေခြင်းကြောင့် ဖြစ်သည်ဟုပြောသည်။ **(BBC 071010) Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပနေသည့် အာရှ ဥရောပထိပ်သီးညီလာခံ (**ASEM**) ၌ စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန် နိုင်ငံတကာခေါင်းဆောင်များက နောက်ဆုံးနေ့ဖြစ် သည့် အောက်တိုဘာ ၅ ရက် အင်္ဂါနေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်၍ တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 051010) Read More...**
- ၈ ကြိမ်မြောက် **ASEM** အာရှ ဥရောပထိပ်သီးစည်းဝေးပွဲတွင် နိုင်ငံတကာခေါင်းဆောင်များအကြား စစ်အစိုးရကျင်း ပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အမြင်ခြင်းဖလှယ်မှုနှင့် သဘောတူညီချက်များ ရရှိခဲ့သည်ဟု ဥရောပသမဂ္ဂ အလှည့် ကျ ဥက္ကဋ္ဌ ဘယ်လ်ဂျီယံနိုင်ငံခြားရေးဌာန ပြောခွင့်ရသူ **Ouvry** က ပြောသည်။ **(VOA 051010) Read More...**

### (ခ) အစိုးရများ

- ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်တွင် ကျင်းပနေသည့် အာရှ ဥရောပနိုင်ငံများ **ASEM** စည်းဝေးပွဲတွင် ဗြိတိန်ဒု–ဝန်ကြီး ချုပ် နစ်ခ်ခလက်ဂ် **(Nick Clegg)** က လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည့်မြန်မာနိုင်ငံ၏ အတုအယောင်ရွေး ကောက်ပွဲကို အားလုံးညီညီညွတ်ညွတ် ပြောကြဘို့လိုသည်၊မြန်မာနိုင်ငံကိစ္စကို အဓိက ဦးစားပေးဆွေးနွေးသင့်သည်ဟု ပြောဆိုလိုက်သည်။ **(VOA 041010) Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဥရောပသမဂ္ဂအဖွဲ့ဝင် အက်စတိုနီးယား **(Estonia)** နိုင်ငံက မြန်မာစစ်အစိုးရ၏ ရာဇဝတ်မှုများကို ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးရေးကော်မရှင်တရပ်ဖွဲ့စည်းရေးကို ထောက်ခံကြောင်း **Estonia** နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအကြံပေးပုဂ္ဂိုလ် **Mr. Jaanus Varu** က တရားဝင် ထုတ်ဖော်ပြောဆိုလိုက်သည်။ **(VOA 081010)** **Read More...**

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ **Actions Birmanie** က မြို့တော်ဘရပ်ဆဲလ်၌ ကျင်းပနေသည့် အာရှနှင့်ဥရောပနိုင်ငံများ၏ ထိပ်သီး အစည်းအဝေးတွင် တက်ရောက်နေသည့် ဥရောပနိုင်ငံ ခေါင်းဆောင်များအနေဖြင့် မြန်မာ့အရေးကို ထည့်သွင်းဆွေးနွေးရန် တိုက်တွန်းတောင်းဆိုလိုက်သည်ဟု **Actions Birmanie** ဥက္ကဋ္ဌ ပြီယီလေ့ဗ် **(Pierre-Yves Gilet)**က ပြောသည်။ **(VOA 041010)** **Read More...**
- ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပနေသည့် အာရှ၊ ဥရောပ ထိပ်သီးညီလာခံတွင် မြန်မာ့အရေးနှင့် ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ဖိအားပေး တိုက်တွန်းဆောင်ရွက်ရန် နိုင်ငံတကာ အလုပ်သမားများအဖွဲ့ချုပ် **ITUC** မှ အထွေထွေ အတွင်းရေးမှူး **Sharan Burrow** က ပြောဆိုလိုက်သည်။ **(BBC 051010)** **Read More...**
- ဗြိတိန်အခြေစိုက် ဘာမားကမ်းပိန်း(ယူကေ)အဖွဲ့မှ မဇ်ုရာဖန်းသည် မြန်မာ့နိုင်ငံရေး အဖြေရှာရေးတွင် ဆွီဒင်နိုင်ငံမှ ထောက်ခံ အကူအညီရရှိရန်အတွက် ကြိုးပမ်းမှုတရပ်အနေဖြင့် ဆွီဒင်နိုင်ငံ လွှတ်တော်တွင် စစ်အစိုးရ၏ အတုအယောင် ရွေးကောက်ပွဲအစား သုံးပွင့်ဆိုင် ဆွေးနွေးပွဲကသာ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း တိုက်တွန်း ပြောဆိုခဲ့သည်ဟု မဇ်ုရာဖန်းက ပြောသည်။ **(RFA 071010)** **Read More...**
- နိုင်ငံတကာ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ **(Inter Parliamentary Union)** က စစ်အစိုးရမှ ဖမ်းဆီးအကျဉ်းချထားသည့် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးကို ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်ဟု **Inter Parliamentary Union** အဖွဲ့၏ အလှည့်ကျ ဥက္ကဋ္ဌ မက္ကဆီကိုဆီးနတ်လွှတ်တော်အမတ် မစ္စရိုစီရိုဂရင်းက ပြောသည်။ **(RFA 071010)** **Read More...**
- **NGO** လုပ်ငန်းများ လုပ်ကိုင်လျှက်ရှိပြီး ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်လောင်းများနှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများသည် **NGO** စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီခြင်းမရှိဖြစ်ပြီး ရွေးကောက်ပွဲဝင်လိုလျှင် **NGO** လုပ်ငန်းများမှ နှုတ်ထွက်သင့်သည်ဟု ဝါရင့် **NGO** လုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်သည့် **FREDA** ဒု-ဥက္ကဋ္ဌ ဦးအုန်းက သတိပေး ပြောကြားလိုက်သည်။ **(DVB 081010)** **Read More...**

---

***End of report/ Saturday, October 09, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---